ကန့်သတ်

**ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ (၂၅.၆.၂၀၂၀)ရက်နေ့တွင် ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေး ကော်မတီမှ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေ သုံးစွဲရေး ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ လွှတ်တော်သို့ စိစစ်သုံးသပ်တင်ပြခြင်း**

**ဥက္ကဋ္ဌ။** တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲ တင်သွင်းခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၁၉ အရ သက်ဆိုင်ရာကော်မတီ(၂)ခုမှ အစီရင်ခံစာ တင်ပြ ရမှာဖြစ်ပါတယ်။ ဒါကြောင့် ပထမဦးစွာ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီမှ စိစစ်သုံးသပ်တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်တင့်၊ ဥက္ကဋ္ဌ၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေး ကော်မတီ။** အားလုံးမင်္ဂလာပါ ခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ လာရောက်လေ့လာသူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ရှေးဦးစွာ ဂါဝရပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တာချီလိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေ အရအသုံးဆိုင်ရာစိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်တင့် ဖြစ်ပါတယ်။ ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး၌ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ တင်သွင်းလာ သည့် ၂၀၁၉-၂၀၂၀ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ (မူကြမ်း)အပေါ် ကော်မတီက စိစစ်သုံးသပ်တင်ပြသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော် (၁၈)ကြိမ်မြောက်ပုံမှန်အစည်းအဝေး၌ ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းအား သာမန်အသုံးစရိတ် ကျပ် ၃.၀၁၅ ဘီလီယံ၊ ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် ၁၇.၃၁၉ ဘီလီယံ၊ စုစုပေါင်းအသုံးစရိတ် ကျပ် ၂၀.၃၃၄ ဘီလီယံဖြင့် အတည်ပြုခဲ့ပါတယ်။ ပြည်ထောင်စုမှ စိစစ်လျှော့ချမှုအရ သာမန်အသုံးစရိတ် ကျပ် ၂.၆၄၄ ဘီလီယံ၊ ငွေလုံးငွေရင်း အသုံးစရိတ် ကျပ် ၈.၆၂၀ ဘီလီယံ၊ စုစုပေါင်းအသုံးစရိတ် ကျပ် ၁၁.၂၆၄ ဘီလီယံသာ ခွင့်ပြုခဲ့ကြောင်း တွေ့ရှိရပါတယ်။

စိစစ်လျှော့ချခဲ့သည့် ဌာနများမှာ ဗဟိုအဖွဲ့အစည်း(၃)ခု၏ အဆိုပြုငွေကျပ် ၃,၄၂၆.၃၀၆ သန်း၊ စိစစ်လျှော့ချသည့်အတွက် ငွေကျပ် ၁,၇၀၁.၁၀၀ သန်း ဖြစ်သည့် အတွက် ခွင့်ပြုငွေမှာ ကျပ် ၁,၇၀၅.၂၀၆ သန်း ဖြစ်ပါတယ်။ ပြည်နယ်အဆင့်ဌာနဆိုင်ရာ(၁၄)ခု၏ အဆိုပြုငွေကျပ်

၁၀,၂၅၇.၄၁၈ သန်း ၊ စိစစ်လျှော့ချသည့်အတွက် ငွေကျပ် ၄,၃၄၄.၈၁၉ သန်း ဖြစ်ပြီး ခွင့်ပြုငွေမှာ ကျပ် ၅,၉၁၂.၅၉၉ သန်း ဖြစ်ပါတယ်။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်း(၁)ခု၏ အဆိုပြုငွေကျပ် ၄,၀၃၄.၀၀၀ သန်း၊ စိစစ်လျှော့ချသည့် ငွေကျပ်သန်း ၂,၀၀၀.၀၀၀ ဖြစ်သည့်အတွက် ခွင့်ပြုငွေမှာ ကျပ် ၂,၀၃၄.၀၀၀ သန်း ဖြစ်ပါတယ်။ စည်ပင်သာယာရေးအဖွဲ့များ (၁)ခု၏ အဆိုပြုငွေကျပ် ၂,၆၁၅.၈၅၄ သန်း၊ စိစစ်လျှော့ချသည့် ငွေကျပ် ၁,၀၀၃.၉၂၀ သန်း ဖြစ်သည့်အတွက် ခွင့်ပြုငွေမှာ ကျပ် ၁,၆၁၁.၉၃၄ သန်း ဖြစ်ပါတယ်။

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာန/အဖွဲ့အစည်းများ၏ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းမှာ သာမန်ရငွေ ကျပ် ၄၈.၉၆၆ ဘီလီယံ၊ ငွေလုံးငွေရင်းရငွေ ကျပ် ၀.၀၈၃ ဘီလီယံ၊ စုစုပေါင်းရငွေ ကျပ် ၄၉.၀၄၉ ဘီလီယံနှင့် သာမန်အသုံးစရိတ်ကျပ် ၁၁၀.၄၉၄ ဘီလီယံ၊ ငွေလုံးငွေရင်း အသုံးစရိတ်ကျပ် ၁၉၆.၇၆၅ ဘီလီယံ၊ စုစုပေါင်း အသုံးစရိတ်ကျပ် ၃၀၇.၂၅၉ ဘီလီယံ ဖြစ်သည့်အတွက် လိုငွေ ကျပ် ၂၅၈.၂၁၀ ဘီလီယံကို ပြည်ထောင်စုမှထောက်ပံ့ပေးကြောင်း တွေ့ရှိပါတယ်။

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းနှင့် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ(မူကြမ်း)အပေါ် ဒေသန္တရ စီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီမှ ပြင်ဆင်ဖြည့်စွက်ရန်မရှိကြောင်း တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌ၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေး ကော်မတီ။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။**

**ဥက္ကဋ္ဌ။** အစီအစဉ်(၇)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက ပြန်လည်ရှင်းလင်းဖို့နှင့်

နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ(မူကြမ်း)အား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးစိုးညွန့်လွင်(ခ) ဦးစိုးကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အပေါင်း မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေ(မူကြမ်း)ကို ရှမ်းပြည်နယ်လွှတ်တော်မှ အတည်ပြုပေးနိုင်ရန်အတွက် (၂၂.၆.၂၀၂၀) ရက်နေ့တွင် ကျင်းပပြုလုပ်သော ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)မှာ တင်သွင်းခဲ့ပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်လွှတ်တော်တွင် ယခုဆွေးနွေးဆုံးဖြတ်ထားသည့်အတိုင်း၊ ပြင်ဆင်ထားသည့်အတိုင်း ၂၀၁၉- ၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ(မူကြမ်း)ကို ရှမ်းပြည်နယ်လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သည့် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ အတည်ပြုရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များမှ သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**

**လွှတ်တော်ကသဘောတူပါသည်။)**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တင်သွင်းခဲ့သော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေ(မူကြမ်း)နှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။